
## ဆန်စပါးဆိုင်ရာအပတ်စဉ် လေ့လာသုံးသပ် တင်ပြချက်( ၂၉/၂၀၂၄ )


## (၁၇.၇.၂၀၂၄ မှ ၂၃.၇.၂၀၂၄ ထိ )

၁။ **ပြည်တွင်း ၊ ပြည်ပစပါးစိုက်ပျိုးထွက်ရှိမှုအခြေအနေ။** ၂၀၂၃-၂၀၂၄ ခုနှစ်၊ နွေစပါးစိုက်ဧက (၂.၇၄၅) သန်းအပေါ် (၁၅-၇-၂၀၂၄) ရက်နေ့ထိ ရိတ်သိမ်းဧက (၂.၅၉၄) သန်း ၊ ပျှမ်းမျှအထွက်နှုန်း (၁၀၄.၉၉) တင်းဖြင့် အထွက်တင်း(၂၇၂.၃၅၈) သန်းထွက်ရှိနေပြီဖြစ်ပါသည်။၂၀၂၄-၂၀၂၅ခုနှစ်၊ မိုးစပါး စိုက်ပျိုးရန်လျာထားဧက(၁၅.၀၀၅) သန်းအပေါ် (၁၅.၇.၂၀၂၄) ရက်နေ့ထိ စိုက်ပျိုးပြီးဧက(၆.၇၇၀) သန်း၊(၄၅.၁၂%) စိုက်ပျိုးဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လထုတ်ပြန်သည့် USDA ၏ စာရင်းများအရ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့စပါးစိုက်ပျိုးမှု ၁၆၇.၅၇ ဟက်တာသန်း **(ဧက ၄၁၃.၈၉၈ သန်း)**၊ အထွက်နှုန်းတစ်ဟက်တာ ၄.၇၁ မက်တန် **(၂၂၅.၆၅၆ တင်း)**၊ စုစုပေါင်းအထွက်မက်တန် ၅၂၈.၁၇ သန်း **(စပါးတင်း ၂၅၃၀၄.၆၂၅ သန်း)** ဖြစ်ပါသည်။

၂။ **ပြည်တွင်း စပါး၊ ဆန်ဈေးနှုန်းအခြေအနေ။** ဧည့်မထအုပ်စုဝင် (၄၆) ပေါင်ကိုက် စပါးတင်း (၁၀၀)ဈေးနှုန်းနှင့် ဧည့်မထ၂၅% အလတ်စ (၁၀၈)ပေါင်ဝင် ဆန် (၁) အိတ် ဈေးနှုန်းများဖြစ်ပေါ်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


| စဉ် | တိုင်း/ ပြည်နယ် | မြို့နယ် | စပါးအမျိုး အစား | စပါးတင်း(၁၀၀)/ကျပ် | | ဆန်အမျိုး အစား | ဆန်တစ်အိတ်/ကျပ် | |
|---|---|---|---|---|---|---|---|---|
| | | | | ယခင်ပတ် | ယခုအပတ် | | ယခင်ပတ် | ယခုအပတ် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| (က) | **ရန်ကုန်တိုင်း** | သန်လျင် | ဧည့်မထ(မိုး) | ၁၆၃၉၀၀၀ | ၁၆၃၉၀၀၀ | ဧည့်မထ(မိုး) | ၆၈၀၀၀ | ↑ ၇၀၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၆၃၉၀၀၀ | ၁၆၃၉၀၀၀ | ဧည့်မထ(နွေသစ်) | ၆၈၀၀၀ | ↑ ၇၂၀၀၀ |
| | | | | | | | | |
| (ခ ) | **ဧရာဝတီတိုင်း** | ပုသိမ် | ဧည့်မထ(မိုး) | ၂၀၈၀၀၀၀ | ၂၀၈၀၀၀၀ | ဧည့်မထ(မိုး) | ၇၇၀၀၀ | ၇၇၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၅၇၄၀၀၀ | ၁၅၇၄၀၀၀ | ဧည့်မထ(နွေသစ်) | ၇၂၀၀၀ | ၇၂၀၀၀ |
| | | | | | | | | |
| (ဂ ) | **ပဲခူးတိုင်း** | ပဲခူး | ဧည့်မထ(မိုး) | ၁၈၅၀၀၀၀ | ↓ ၁၈၄၀၀၀၀ | ဧည့်မထ(မိုး) | ၇၂၀၀၀ | ၇၂၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၇၀၂၀၀၀ | ↓ ၁၆၅၆၀၀၀ | ဧည့်မထ(နွေသစ်) | ၇၀၀၀၀ | ၇၀၀၀၀ |
| | | ပြည် | ဧည့်မထ(မိုး) | ၁၈၈၅၀၀၀ | ↓ ၁၈၆၀၀၀၀ | ဧည့်မထ(မိုး) | ၇၂၀၀၀ | ၇၂၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၄၇၂၀၀၀ | ၁၄၇၂၀၀၀ | ဧည့်မထ(နွေသစ်) | ၇၀၀၀၀ | ၇၀၀၀၀ |
| | | | | | | | | |
| (ဃ) | **မန္တလေးတိုင်း** | မန္တလေး | ဧည့်မထ(မိုး) | ၂၄၀၀၀၀၀ | ၂၄၀၀၀၀၀ | ဧည့်မထ(မိုး) | ၈၄၀၀၀ | ↑ ၉၀၀၀၀ |
| | | ပျဉ်းမနား | ဧည့်မထ(မိုး) | ၂၂၆၀၀၀၀ | ၂၂၆၀၀၀၀ | ဧည့်မထ(မိုး) | ၈၆၅၀၀ | ၈၆၅၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၄၀၀၀၀၀ | ၁၄၀၀၀၀၀ | ဧည့်မထ(နွေသစ်) | ၆၈၀၀၀ | ၆၈၀၀၀ |
| | | | | | | | | |
| (င ) | **စစ်ကိုင်းတိုင်း** | ရွှေဘို | ရေှာမင်း(မိုး) | | | ရေှာမင်း(မိုး) | ၁၂၅၀၀၀ | ၁၂၅၀၀၀ |
| | | | | | | | | |
| (စ ) | **ရခိုင်ပြည်နယ်** | စစ်တွေ | ရွှေဝါထွန်း(မိုး) | | | ရွှေဝါထွန်း(မိုး) | | |
| | | | | | | | | |
| (ဆ) | **မွန်ပြည်နယ်** | မော်လမြိုင် | ဇီယာ(မိုး) | ၂၁၅၀၀၀၀ | ၂၁၅၀၀၀၀ | ဇီယာ(မိုး) | ၇၁၀၀၀ | ၇၁၀၀၀ |
| | | | | | | | | |


စပါးတင်း(၁၀၀)ဈေးနှုန်းပြောင်းလဲမှု
ယခင်အပတ်
ယခုအပတ်
၂၅၀၀၀၀၀
၂၄၀၀၀၀၀
၂၃၀၀၀၀၀
၂၂၀၀၀၀၀
၂၁၀၀၀၀၀
၂၀၀၀၀၀၀
၁၉၀၀၀၀၀
၁၈၀၀၀၀၀
၁၇၀၀၀၀၀
၁၆၀၀၀၀၀
၁၅၀၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်


ဧည့်မထဆန်(အလတ်စ) တစ်အိတ်ဈေးနှုန်းပြောင်းလဲမှု
ယခင်ပတ်
ယခုအပတ်
၁၃၀၀၀၀
၁၂၀၀၀၀
၁၁၀၀၀၀
၁၀၀၀၀၀
၉၀၀၀၀
၈၀၀၀၀
၇၀၀၀၀
၆၀၀၀၀
၅၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်

၃။ **ပြည်တွင်း/ပြည်ပဆန်ဈေးနှုန်းအခြေအနေ။** စပါး၊ ဆန် အဓိကထုတ်လုပ်တင်ပို့သော နိုင်ငံများ၏ ဆန်တစ်တန် FOB ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံ | အမျိုးအစား | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၁.၇.၂၄ | ၈.၇.၂၄ | ၁၅.၇.၂၄ | ၂၂.၇.၂၄ |
| (က) | ထိုင်း | White Rice ၁၀၀% | ၆၁၇ | ၆၁၇ | ၆၀၄ | ↓ ၅၉၈ |
| | | White Rice ၅% | ၆၀၃ | ၆၀၃ | ၅၉၀ | ↓ ၅၈၄ |
| | | White Rice ၂၅% | ၅၇၂ | ၅၇၂ | ၅၅၇ | ↓ ၅၅၁ |
| | | Parboiled Rice ၁၀၀% | ၆၀၆ | ၆၀၆ | ၅၉၀ | ↑ ၅၉၂ |
| (ခ) | ဗီယက်နမ် | White Rice ၅% | ၅၇၁ | ၅၇၁ | ၅၇၀ | ↓ ၅၆၆ |
| | | White Rice ၂၅% | ၅၄၇ | ၅၄၇ | ၅၄၉ | ↓ ၅၄၂ |
| (ဂ) | ပါကစ္စတန် | White Rice ၅% | ၅၈၇ | ၅၈၇ | ၅၈၈ | ↑ ၅၉၁ |
| | | White Rice ၂၅% | ၅၄၁ | ၅၄၁ | ၅၂၃ | ↓ ၅၁၈ |
| (ဃ) | မြန်မာ | White Rice ၅% | ၅၅၅-၅၆၀ | ၅၅၀-၅၅၅ | ၅၅၀-၅၅၅ | ▬ ၅၅၀-၅၅၅ |
| | | White Rice ၁၀% | ၅၅၀-၅၅၅ | ၅၄၅-၅၅၀ | ၅၄၅-၅၅၀ | ▬ ၅၄၅-၅၅၀ |
| | | White Rice ၁၅% | ၅၄၅-၅၅၀ | ၅၄၀-၅၄၅ | ၅၄၀-၅၄၅ | ▬ ၅၃၅-၅၄၅ |
| | | White Rice ၂၅% | ၅၄၀-၅၄၅ | ၅၃၅-၅၄၀ | ၅၃၅-၅၄၀ | ↓ ၅၁၀-၅၂၀ |
| | | Parboiled Rice ၅% | ၆၄၀-၆၄၅ | ၆၃၅-၆၄၀ | ၆၃၅-၆၄၀ | ↑ ၆၄၅-၆၅၅ |
| | | Parboiled Rice ၁၀% | ၆၃၅-၆၄၅ | ၆၃၀-၆၄၀ | ၆၃၀-၆၄၀ | ↑ ၆၄၀-၆၄၅ |



၄။ **ဆန်လက်ကျန်အခြေအနေ။** ၂၂-၇-၂၀၂၄နေ့ရှိ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ပြချက်စာရင်းအရ ခန့်မှန်းလက်ကျန်ဆန်တန်မှာ (၃.၉၉၆) သန်းဖြစ်ပါသည်။ USDA Foreign Agricultural Service (gov) (Grain World Market and Trade ) Website သတင်းအရ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန်(၁၇၈.၀၈၈) သန်းဖြစ်ပါသည်။

၅။ **ပြည်ပဆန်တင်ပို့နိုင်မှုနှင့်ပြည်ပဈေးကွက်။** ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ၁-၄-၂၀၂၄ မှ ၁၂-၇-၂၀၂၄ နေ့ထိ ဆန်တန်ချိန် (၂၉၁၆၃၀) ၊ တန်ဘိုး(၁၆၇.၂၅၂) USD သန်း တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အလားတူကာလတွင် ဆန်တန်ချိန် (၁၂၄၉၄၈)၊ တန်ဘိုး(၅၉.၇၃၄) USD သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် ဆန်တန်ချိန် (၁၆၆၆၈၂)၊ တန်ဘိုး (၁၀၇.၅၁၈) USD သန်း ပိုမိုတင်ပို့ခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဧည့်မထ ၂၅% ဆန်တစ်တန်ပေါက်ဈေးမှာ FOB ၅၄၀ USD ဖြစ်ပြီး ပျှမ်းမျှ ငွေလဲနှုန်း ၃၁၄၀ ကျပ်ဖြင့် တွက်ချက်ပါက FOB အရင်းဈေးနှုန်းမှာ ၅၂၀ USD ဖြစ်သဖြင့် ဧည့်မထ ၂၅ % မှာ တွက်ချက်မှုအရ တွက်ခြေကိုက်မှုရှိကြောင်းသိရှိရပါသည်။

၆။ **ခြုံငုံသုံးသပ်ချက်။** အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့မှုကန့်သတ်ချက် ဖြေလျှော့မည့်အလားအလာအခြေအနေများကြောင့် အရောင်းအဝယ်အေးနေပြီး ထိုင်းနှင့် ဗီယက်နမ် ပို့ကုန်ဆန်ဈေးနှုန်းများ ကျဆင်းခဲ့ပါသည်။ ပြည်တွင်းဈေးကွက်၌ ပဲခူးနှင့် ပြည်တို့တွင် နယ်စုံမှ နွေစပါးများထွက်ရှိမှုများလာပြီး ဈေးကွက်ဝင်ရောက်မှုများလာသဖြင့် အရောင်း အဝယ်အေးပြီး စပါးဈေးနှုန်းများ ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။ ရန်ကုန်(သန်လျင်)နှင့် မန္တလေးတွင် ယခုရက်ပိုင်း ဈေးကွက်ဝင်ရောက်မှုနည်းသဖြင့် ဆန်ဈေးနှုန်းများ တက်ခဲ့ပါသည်။ ကျန်မြို့နယ်အချို့တွင် စပါး၊ ဆန်ဈေးနှုန်းများဈေးငြိမ်နေပြီးအရောင်းအဝယ်ပုံမှန်ဖြစ်ကြောင်းသိရှိရပါသည်။